# People's Defence Force (Kalay)

---

## ကြေညာသတိပေးချက်

ဒီဇင်ဘာလ ၁၅ ရက်၊ ၂၀၂၁ ခုနှစ်

အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့များသည် လွန်ခဲ့သော ဒီဇင်ဘာလ ၇ ရက်နေ့မှစတင်၍ လက်ရှိအချိန်အထိ ကလေးမြို့နယ် နတ်ချောင်းကျေးရွာအတွင်းရှိ ရန်ကင်းကျောင်း၊ အောင်ဆုပန် ဘုန်းတော်ကြီးကျောင်းများတွင် အဓမ္မဝင်ရောက်နေရာယူတပ်စွဲထားလျက်ရှိပါသည်။

စစ်ပွဲများအတွင်း ထိခိုက်ဒဏ်ရာရရှိသူများ၊ ဒုက္ခသည်များအတွက် စောင့်ရှောက်ကုသရာနေရာ၊ ခိုနားရာနေရာ၊ အကာအကွယ်ထားရမည့် နေရာများအဖြစ်သတ်မှတ်ထားသည့် ဆေးရုံ၊ ကျောင်း၊ ဘာသာရေးအဆောက်အအုံများ အစရှိသည့် Safety Zones/Neutralised Zones များတွင် လက်နက်ကိုင် တပ်ဖွဲ့များ ဝင်ရောက်နေရာယူတပ်စွဲခြင်းသည် ဂျီနီဗာကွန်ဗန်းရှင်းနှင့်တကွ နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေများကို ချိုးဖောက်ခြင်းပင်ဖြစ်သည်။

နတ်ချောင်းကျေးရွာအတွင်းရှိ သာသနိက ပရဝုဏ်များအတွင်း အဓမ္မဝင်ရောက်နေရာယူ တပ်စွဲထားသော အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့များ အနေဖြင့် အဆိုပါနေရာများမှ အမြန်ဆုံး ထွက်ခွာရန် PDF (Kalay) က သတိပေးလိုက်သည်။ ဂျီနီဗာကွန်ဗန်းရှင်းနှင့်တကွ နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ဥပဒေများကို လေးစားလိုက်နာခြင်း မရှိဘဲ ဆက်လက် နေရာယူတပ်စွဲထားမည် ဆိုပါက PDF (Kalay) က နည်းလမ်းပေါင်းစုံ အသုံးပြု၍ အရေးယူ တုံ့ပြန်သွားမည် ဖြစ်ကြောင်း သတိပေးလိုက်သည်။